ကာကွယ်ရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးဌာန

# စစ်ရေးသတင်းအကျဉ်းချုပ်

Date – 17/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ချင်းပြည်နယ်

မတ်(၁၇)ရက်နေ့က ဖလမ်းမြို့နယ်၊ရိခေါ်ဒါရ်မြို့၊အမှတ်(၁)ရပ်ကွက်ရှိ စကစတပ်နှင့်CNDFတို့ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ စကစအကျအရှုံးကိုစုံစမ်းနေဆဲဖြစ်ပြီး CNDFတပ်သားတစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

- မတ်(၁၇)ရက်နေ့၊မနက်(၉)နာရီခန့်က မြင်းမူမြို့နယ်၊ ဝမ်းပြည့်ကျေးရွာနှင့် အလွှကပွကျေးရွာကြားတွင် မိုင်းရှင်းလာသော စကစတပ်သား (၁၀) ဦးကို မြောင်မြို့နယ်တော်လှန်ရေးတပ်(MRA)နှင့် Knight Commanders တော်လှန်ရေးညီနောင်တပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၇)ဦး သေဆုံးခဲ့သည်။
- မတ်(၁၆)ရက်နေ့၊နေ့လယ်(၂:၄၀)နာရီခန့်က ခင်ဦးမြို့နယ်၊ ကုလားလူးကျေးရွာအဝင်တွင် စကစကား(၃)စီးကို ဒေသခံကာကွယ်ရေးအဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစကား(၁)စီးမိုင်းထိမှန်ခဲ့သည်။
- မတ်(၁၅)ရက်နှင့်(၁၆)ရက်နေ့က ကလေးမြို့နယ်၊ နတ်ချောင်း၊ နတ်မြောင်း၊ ချောင်းခွ၊ ပန်းပွန်ချောင်းကျေးရွာတို့တွင် စကစတပ်သားများကို CNDF၊ PDF-Kalay၊ CDF၊ KKG၊ပြည်သူ့ကာကွယ်ရေးအဖွဲ့(ကလေး)တို့က မိုင်းကွင်း(၁၅)ခုဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး စနိုက်ဘာဖြင့် ပစ်ခတ်ခဲ့ရာ စကစတပ်သား (၂၀) ဦးထက်မနည်းသေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်သား (၁) ဦး ဒဏ်ရာရရှိခဲ့သည်။

### တနင်္သာရီတိုင်း

- မတ်(၁၇)ရက်နေ့၊မနက်(၇:၁၀)နာရီခန့်က မြိတ်မြို့နယ်ဘက်မှပုလောဘက်သို့ စစ်ကြောင်းထိုးလာသော စကစအင်အား(၁၀၀)ခန့်ကို မြိတ်မြို့နယ်၊ဒေါရွာနှင့်ဘဲမဒီရွာကြားတွင် မြိတ်ပကဖမြောက်ပိုင်းအဖွဲ့(MPFF)က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား(၃)ဦးသေဆုံးပြီး (၇)ဦး ဒဏ်ရာရရှိခဲ့သည်။
- မတ်(၁၆)ရက်နေ့၊မနက်(၁၁)နာရီခန့်က တနင်္သာရီမြို့နယ်၊ သာရဘွင်ကျေးရွာအုပ်စု၊ မယ်ငေါ်ရွာတွင် စကစနှင့်ဘက်မလိုက်ပြောက်ကျားအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ မိနစ်(၃၀)ခန့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

### ချင်းပြည်နယ်

မတ်(၁၆)ရက်နေ့က ကန်ပက်လက်မြို့နယ်၊ ကန်ပက်လက်မြို့ရှိ စကစတပ်မှလက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် သက်ကြီးပိုင်း အမျိုးသားတစ်ဦး ကျည်ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

Date – 17/3/2022

**<u>စစ်ကိုင်းတိုင်း</u>**

- မတ်(၁၇)ရက်နေ့မနက်(၁၀:၃၀)နာရီခန့်က ကလေးမြို့နယ်၊ နတ်ချောင်း၊ နတ်မြောင်းကျေးရွာမှ ထွက်လာသော စကစတပ်သားနှင့်ပျူစောထီး (၂၇၀)ခန့်က အောင်ချမ်းသာကျေးရွာရှိ နေအိမ် (၇) လုံးကို မီးရှို့ခဲ့ပြီး ပြည်သူ (၂၀) ဦးအား ဓားစားခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။
- မတ်(၁၆)ရက်နေ့နေ့လယ်(၃)နာရီခန့်က ခင်ဦးမြို့နယ်၊ ကုလားလူးကျေးရွာသို့ စကစတပ်သားများ ဝင်ရောက်လာပြီး နေအိမ်(၂၀)လုံးခန့်ကို မီးရှို့ခဲ့သည်။ ညနေ(၄)နာရီခန့်တွင် စကစတပ်သားများက ရှားလွင်ကျေးရွာရှိ နေအိမ်များကို ထပ်မံမီးရှို့ခဲ့ရာ ညနေ(၄:၃၀)နာရီတွင် တစ်ရွာလုံး မီးလောင်သွားခဲ့သည်။
- မတ်(၁၅)ရက်နေ့က ခင်ဦးမြို့နယ်၊ တမုတ်ကျေးရွာရှိ နေအိမ်များနှင့်တိရစ္ဆာန်များကို စကစတပ်သားများက မီးရှို့ဖျက်ဆီးခဲ့ရာ တစ်ရွာလုံးပျက်ဆီးခဲ့သည်။